ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၉၀)

နေ့စွဲ – ၁၅. ၁. ၂၀၁၂

## ဆန့်ကျင်တိုက်လှန်ခြင်းအကြောင်း(The Antithesis)

တခါတရံသာ ရီဖေါ့မ်သီအြလောဂျီယန်များက ဆန့်ကျင်တိုက်လှန်ခြင်းအကြောင်းကို ရေးကြပါလိမ့်မည်။ ထိုသို့ရေးကြသည့်အခါတွင်လည်း သီးသန့်နေခြင်း၊ အလင်းနှင့်အမှောင်ကြား ဆန့်ကျင်နေမှု၊ ယုံကြည်သူနှင့်မယုံကြည်သူကြား၊ အသင်းတော်နှင့် ကမ္ဘာကြီးအကြား ဆန့်ကျင်ဖက်ဖြစ်ကြမှုတို့ကို ရည်ညွှန်းကြပါမည်။

ဤဆန့်ကျင်တိုက်လှန်မှုသည် ဘုရားသခင်၏ကယ်တင်သောကျေးဇူးတော်ကြောင့် ဖြစ်လာသော ရလဒ်ဖြစ်သည်၊ ကျမ်းစာက အမြဲပြောပြနေသော်လည်း "ဆန့်ကျင်တိုက်လှန်ခြင်း"ဆိုသည့်စကားလုံးကိုတော့ တိုက်ရိုက်မသုံးပါ။ ဤအကြောင်းကို အရှင်းဆုံးပြောပြသောကျမ်းပိုဒ်မှာ ၂ကော ၆း၁၄–၁၈ ဖြစ်သည်။ ထိုကျမ်းပိုဒ်တွင် ဆန့်ကျင်တိုက်လှန်ခြင်းအကြောင်းကိုသာ ပြောပြနေသည် မဟုတ်ပါ၊ လက်တွေ့တွင် မည်သည့်အဓိပ္ပါယ်ရှိကြောင်းကိုလည်း ပြောပြနေပါသည်။ ထိုကျမ်းပိုဒ်များတွင် ဆန့်ကျင်တိုက်လှန်ခြင်းဆိုသည်မှာ ဖြောင့်မတ်ခြင်းနှင့်မဖြောင့်မတ်ခြင်းတို့ကြား၊ အလင်းနှင့်မှောင်မိုက်တို့ကြား၊ ခရစ်တော်နှင့်မာလနတ်ဆိုးတို့ကြား၊ ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းတို့ကြား၊ ဘုရားသခင်၏ဗိမာန်တော်နှင့်ရုပ်တုတို့၏ဗိမာန်တော်ကြားရှိ ခြားနားချက်ဖြစ်သည်ဟု ပြောပြပါသည်။ လက်တွေ့အနေဖြင့် ၎င်းကဆိုလိုသည်မှာ ကျွန်တော်တို့သည် ထိုအရာများထဲမှ ထွက်လာကာ သီးသန့်နေရမည်ဟု ဖြစ်ပါသည် (ငယ် ၁၇)။

ထိုသီးသန့်ခွဲထားမှုသည် ဝိညာဉ်ရေးအရဖြစ်သည်။ ကျွန်တော်တို့သည် ကိုယ်ခန္ဓာအားဖြင့် ကမ္ဘာကြီးမှထွက်မသွားရဟု ကျမ်းစာကအမိန့်ပေးထားသည် (၁ကော ၅း၁၀)။ ကက်သလစ်ဘုန်းကြီးများ၊ မယ်သီလများ ဖြစ်လာကြသူများ မှားနေသောကျမ်းပိုဒ်ဖြစ်သည်။ လက်ထပ်ထိမ်းမြားခြင်းမပြုရ၊ အစားအစာအချို့တို့ကိုမစားရဟု ပြောနေသူများ မှားနေကြသည့်ကျမ်းပိုဒ်ဖြစ်သည်။ ဆန့်ကျင်တိုက်လှန်အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်တော်တို့နေသောကမ္ဘာကြီးမှ ကိုယ်ခန္ဓာအရ သီးသန့်ခွဲထားခြင်း၊ ဤကမ္ဘာလောက၏ ပစ္စည်းများမှ မိမိကိုယ်ကို သီးသန့်ခွဲထားခြင်းကို မဆိုလိုပါ။

ဆိုလိုသည်မှာ ကျွန်တော်တို့သည် လူဆိုးလူညစ်များ၏အလုပ်အကိုင်များနှင့်မပတ်သက်ရ၊ မိတ်ဆွေမဖွဲ့ရဟု ဖြစ်ပါသည် (ဧဖက် ၅း၁၁၊ ၁၂)၊ လူဆိုးလူညစ်များနှင့် သူငယ်ချင်းမဖွဲ့ရ၊ သူတို့နှင့်အတူ မိတ်သဟာယမဖွဲ့ရဟု ဆိုလိုပါသည် (၂ကော ၆း၁၇၊ ယာကုပ် ၄း၄)။ သူတို့လုပ်ငန်းလုပ်ကိုင်ရာနေရာများတွင်တော့ သွားလာလုပ်ရှား၍ရပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ လည်း မိမိတို့စီးပွားရေးကို လုပ်ဖို့လိုပါသည်၊ ဤကမ္ဘာကြီးထဲတွင် ဆက်၍အသက်ရှင်ရပါသည် (၁ကော ၅း၉–၁၀)၊ သို့သော် ကျွန် တော်တို့သည် သန့်ရှင်းခြင်းဖြင့် မိမိတို့ကိုယ်ကို ထိုသူတို့ထံမှ ခွဲခြားပစ်ရမည်။

ဤနေရာတွင် အဘယ့်ကြောင့် ကျွန်တော်တို့က အများနှင့်ဆိုင်သောကျေးဇူးတော်ဝါဒကို ငြင်းပယ်ရသနည်းဆိုသည်အကြောင်းအရင်းကို တွေ့နိုင်ပါသည်။ ထိုဝါဒက ဆိုးယုတ်သူများနှင့်ငြင်းပယ်ခြင်းခံရသူများအတွက် ဘုရားသခင်၏အများနှင့်ဆိုင်သောကျေးဇူးတော်ရှိသည်၊ ထို့ကြောင့် ဘုရားသခင်၏လူများနှင့်ကမ္ဘာလောကမယုံကြည်သူများအကြား အတူတူလုပ်ကိုင်နိုင်သည့်အခြေခံရှိသည်ဟု သင်ပေးပါသည်။ ထို့ကြောင့် အချို့သောအကြောင်းအရာများတွင် ယုံကြည်သူတို့သည် ဆိုးယုတ်သူများနှင့် အတူတကွ မိတ်သဟာယဖွဲ့နိုင်သည်၊ သူငယ်ချင်းဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် နှစ်ဖွဲ့စလုံးတွင် အများနှင့်ဆိုင်သောကျေးဇူးတော်ရှိနေပါသည်ဟု ပြောဆိုတတ်ကြသည်။

ကျမ်းစာက ရှင်းနေအောင်သင်ပေးသည်မှာ ဆိုးယုတ်သောကမ္ဘာကြီးနှင့်အသင်းတော်အကြား ခွဲခြားထားခြင်းသည် အသင်းတော်နှင့်ဘုရားသခင့်လူတို့၏ လုံခြုံမှု၊ ကောင်းကျိုးအတွက်သာဖြစ်သည်ဆိုသည့်အကြောင်းဖြစ်ပါသည်။ ထိုအချက်သည် ဓမ္မဟောင်းကာလကပင် မှန်နေပြီးဖြစ်သည်။ တရား ၃၃း၂၈ က "ဣသရေလအမျိုးသည် ဘေးလွတ်၍ တမျိုးတည်းနေရလိမ့်မည်၊" ဟု ပြော ထားပါသည်။ ဓမ္မသစ်ကာလတွင်လည်း အတူတူဖြစ်သည်။ ဘုရားသခင်က ကတိပေးသည်မှာ "သင်တို့ကို ငါသည် လက်ခံမည်။ သင် တို့၏အဘဖြစ်မည်။ သင်တို့သည်လည်းငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟုအနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရား မိန့်တော်မူ၏။" ဟူ၍ဖြစ်သည်။ ထိုကတိတော်သည် ဘုရားသခင်၏အမိန့်တော်ကို နားထောင်သောသူတို့အတွက်သာဖြစ်ပါသည်၊ ထိုအမိန့်တော်မှာ "သင်တို့သည် ထိုသူတို့အထဲမှ ထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်မခတ်ကြနှင့်"ဟူ၍ဖြစ်ပါသည် (၂ကော ၆း၁၇–၁၈)။ ထို အမိန့်ကို ယနေ့အချိန်တွင် ကျွန်တော်တို့ မည်မျှနားထောင်ဖို့ လိုအပ်နေပါသနည်း?

ကျွန်တော်တို့ တဦးချင်း သီးသန့်နေထိုင်ရမည်။ ဘုရားသခင်အတွက် သီးသန့်နေရမည်၊ အသင်းတော်အတွက် သီးသန့်နေရပါမည်။ အကယ်၍ သီးသန့်မနေလျှင် ဘုရားသခင်သည် ကျွန်တော်တို့အားဖြင့် ဘုန်းတော်ထင်ရှားတော့မည်မဟုတ်ပါ၊ ထိုအခါ အသင်းတော်သည် ကမ္ဘာကြီးနှင့်တူလာပါတော့မည်။

## ထိန်းသိမ်းစောင့်ရှောက်ခြင်းအကြောင်း(Preservation)

ကယ်တင်ခြင်းအစီအစဉ်တွင် နောက်ဆုံးဖြစ်သောခြေလှမ်းမှာ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏တန်ခိုးတော်နှင့်ကျေးဇူးတော်ကြောင့် ယုံကြည်သူတို့သည် ကယ်တင်ခြင်း မပျောက်နိုင်ပါဟူ၍ဖြစ်သည်။ ဘုရားသခင်က သူ့လူများကို ထိန်းသိမ်းစောင့်ရှောက်ပါသည် (ဆာလံ ၃၇း၂၈၊ ယေ ၃၂း၄၀၊ ၁ပေ ၁း၅)။ ထိုစကားလုံးက ကယ်တင်ခြင်းသည် အစမှအဆုံး ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်ဟု ထပ်ပြောနေပါသည်။ ယုံကြည်သူတို့ မိမိတို့ကယ်တင်ခြင်း မဆုံးရှုံးကြသည်မှာ သူတို့၏နာခံမှုကြောင့်မဟုတ်ပါ၊ သူတို့၏သစ္စာရှိမှုကြောင့်လည်း မဟုတ်ပါ၊ ထို့အပြင် သူတို့၏ကြိုးပမ်းမှုကြောင့်လည်း မဟုတ်ပါ၊ သို့သော် ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်၊ ဘုရားသခင်၏ကျေးဇူးတော်က သူတို့ကို ကျဆုံးသွားခြင်းမှ ထိန်းသိမ်းပေးသည်၊ ကာကွယ်ပေးပါသည်။

ထိုသို့ဖြစ်လျှင် ဘုရားသခင်က ဘာကိုစောင့်ရှောက်ထိန်းသိမ်းပေးပါသနည်း? သူတို့အထဲတွင် ရှိနေသည့် ကယ်တင်ခြင်းအားလုံး၏မျိုးစေ့ကဲ့သို့ဖြစ်သော ပြန်လည်မွေးဖွားခြင်း၏အသက်တာသစ်ကို စောင့်ရှောက်ထိန်းသိမ်းပေးခြင်းဖြစ်ပါသည် (၁ယော ၃း၉)။ ထိုအရာကို စောင့်ရှောက်ပေးသည့်အခါ၊ ဘုရားသခင်သည် သူတို့၏ ယုံကြည်ခြင်း၊ နာခံခြင်း စသည်တို့ကိုလည်း အတူတကွ စောင့်ရှောက်ပေးပါသည်၊ ထို့ကြောင့် သူတို့သည် ဆက်လက်ယုံကြည်ကြကာ၊ ဘုရားသခင်၏ပညတ်တော်များကို စောင့်ထိန်းကြခြင်းဖြစ်သည်၊ ပြည့်စုံမှုတော့မရှိကြသေးပါ။ ရိုးစင်းစွာပြောရလျှင်၊ ဘုရားသခင်က သူ့လူများထဲတွင်ထားရှိသော သူ၏ကျေးဇူးတော်ဖြင့်လုပ်ပေးသောအလုပ်ကို စောင့်ရှောက်ထိန်းသိမ်းပေးခြင်းဖြစ်ပါသည် (ဆာလံ ၉၀း၁၇၊ ၁၃၈း၈၊ ဖိ ၁း၆)။

ဘုရားသခင်က အသွေးအသားနှင့်၄င်း၏အလုပ်များကို စောင့်ရှောက်ပေးခြင်းမပြုပါ။ ယုံကြည်သူတယောက်၏ အသွေးအသား၊ ၄င်း၏အလုပ်များ၊ ၄င်း၏လွှမ်းမိုးခြင်းများသည် ဖျက်ဆီးပစ်ဖို့ရန်သာဖြစ်ပါသည် (ဂလာ ၅း၂၄)။ ယုံကြည်သူသည် ၄င်းတို့ကို စောင့်ရှောက်ထိန်းသိမ်းဖို့ အလိုမရှိရပါ၊ စောင့်ရှောက်ထိန်းသိမ်းဖို့လည်း မကြိုးစားကြရပါ။

ဤဩဝါဒဖြင့် ကျွန်တော်တို့ အသေအချာ မှတ်မိရမည်မှာ၊ ဘုရားသခင့်ရွေးကောက်ခြင်းခံရသူများသာ စောင့်ရှောက်ထိန်းသိမ်းပေးခြင်းကိုလည်း ခံရပါသည်ဆိုသည့်အချက်ဖြစ်သည်။ ဘုရားသခင်က သူတို့ကို စောင့်ရှောက်ထိန်းသိမ်းပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့ကို ခရစ်တော်၌ရွေးကောက်ထားသောကြောင့်ဖြစ်ပါသည် (ဖေက် ၁း၃၊ ၄၊ ၁၁)။

သို့သော် ရွေးကောက်ခြင်းခံရသူတို့ကို ယုံကြည်ခြင်းမပါဘဲ စောင့်ထိန်းသည်တော့မဟုတ်ပါ။ ယုံကြည်ခြင်းသည် အမြဲတမ်း ကယ်တင်ခြင်းရရာလမ်းဖြစ်ပါသည်၊ သို့သော် ကယ်တင်ခံရသည့်အကြောင်းအရင်းတော့မဟုတ်ပါ။ ၁ပေ ၁း၅ က ယုံကြည်သူသည် “ကယ္တင္ျခင္းသို႔ေရာက္ေစမည့္အေၾကာင္း၊ ယံုၾကည္ျခင္းအားျဖင့္ ဘုရားသခင္၏တန္ခိုးေတာ္သည္ ေစာင့္ေ႐ွာက္ေတာ္မူ၏၊”ဟု ပြောပြပါသည်။

ထိုသို့ဆိုလျှင် ယုံကြည်သူတို့ကို မည်သည့်နေရာမှ စောင့်ရှောက်ထိန်းသိမ်းပေးပါသနည်း? သူတို့ကို ဖျားယောင်းသွေးဆောင်ခြင်းမှ၊ အားနည်းချက်များမှ၊ အပြစ်ထဲကျဆုံးခြင်းများမှ စောင့်ရှောက်ပေးခြင်းမဟုတ်ပါ။

ထိုအချက်ကို သတိပြုခြင်းသည်အလွန်အရေးကြီးပါသည်။ ယုံကြည်သူတို့ကို ကျဆုံးခြင်းမှ ကာကွယ်ထိန်းသိမ်းပေးခြင်းမဟုတ်ပါ၊ ငရဲထဲသို့ကျမည့်ကျဆုံးခြင်းမျိုးမှသာဖြစ်ပါသည်။ ဖျားယောင်းသွေးဆောင်ခံရခြင်းမှ ကာကွယ်ပေးခြင်းမဟုတ်ပါ၊ ဖျားယောင်း သွေးဆောင်ခြင်းကြောင့် လုံးဝပျက်ဆီးသွားခြင်းမှသာဖြစ်ပါသည်။ အပြစ်ပြုခြင်းမှ ကာကွယ်ပေးခြင်းမဟုတ်ပါ၊ သေထိုက်သောအပြစ်ပြုခြင်းမှသာဖြစ်ပါသည်။ ယုံကြည်သူတို့သည် မိမိတို့၏အားနည်းချက်များ၊ အပြစ်များခြင်းများကြောင့် ဖျားယောင်းသွေးဆောင်ခြင်းများနှင့်အပြစ်များသို့ ကျနိုင်ကြပါသည်၊ ကျလေ့ရှိကြပါသည်။ သို့သော် ဆာလံ ၃၇း၂၄က ဤသို့ သေချာစေပါသည်၊ “ထိုသူသည္လဲေသာ္လည္း ဆံုးရာသို႔မေရာက္ရ။ အေၾကာင္းမူကား၊ ထာဝရဘုရားသည္ သူ၏လက္ကိုကိုင္ေတာ္မူ၏။”

ယုံကြည်သူတယောက် အပြစ်ထဲသို့ ကျနိုင်ကြောင်း ဒါဝိတ်၊ ပေတရုတို့ဖြင့် ကျမ်းစာက အသေအချာပြောပြပါသည်။ ထို့အပြင် ငရဲထဲသို့ကျသွားလောက်အောင်မဖြစ်နိုင်ကြောင်း၊ သူတို့ ပြန်လည်နောင်တရကြလျှက် နဂိုနေရာသို့ ပြန်ပို့ခံရခြင်းဖြင့်လည်း ပြောပြပါသည်။ ပေတရုကို သခင်ဘုရားက အပြစ်ထဲမကျခင်ကပင် ကြိုတင်၍ သေချာခြင်းကိုပြောပြထားခဲ့ပါသည်၊ “တဖန္ သခင္ဘုရားက၊ ႐ွိမုန္၊ ႐ွိမုန္၊ ငါဆန္ကို ဆန္ခါႏွင့္ခါသကဲ့သို႔ စာတန္သည္ သင္တို႔ကို ခါခ်ိန္ရမည္အေၾကာင္း အခြင့္ေတာင္းသည္ျဖစ္၍၊ သင္၏ယံုၾကည္ေသာစိတ္ မပ်က္ေစျခင္းငွါ ငါသည္ သင့္အဘို႔ ဆုေတာင္းေလၿပီ။ သင္သည္ သတိရျပန္ေသာအခါ သင္၏ညီအစ္ကိုတို႔ကို တည္ၾကည္ေစေလာ့ဟု မိန္႔ေတာ္မူ၏” (လုကာ ၂၂း၃၁-၃၂)။

ထို့ကြောင့် စောင့်ရှောက်ထိန်းသိမ်းပေးတော်မူခြင်းသည် အံ့ဩစရာကောင်းလှသောကျေးဇူးတော်၏အလုပ်ဖြစ်ပါသည်။

## သန့်ရှင်းသူတို့၏ခွဲရှိခြင်းအကြောင်း(The Perseverance of the Saints)

သန့်ရှင်းသူတို့၏ခွဲရှိခြင်းအကြောင်းသည် ကဲ(လ်)ဗင်းဩဝါဒငါးချက်၏ နောက်ဆုံးအချက်ဖြစ်ပါသည်။ နာမည်ကိုယ်၌က အခြားလေးချက်နှင့်ခြားနားနေရာ၊ ကျွန်တော်တို့၏ တာဝန်၊ စောင့်ထိန်းရမည်အလုပ်ကို ဘုရားသခင်၏လုပ်ပေးခြင်းနှင့် သူ့ကျေးဇူးတော်၏တန်ခိုးထက် ပို၍အထူးပြုချင်သလို ဖြစ်နေပါသည်။ ထို့ကြောင့် အချို့က ထိုအမည်မကြိုက်ကြပါ၊ “သန့်ရှင်းသူများ၏စောင့်ရှောက်ထိန်းသိမ်းခံရခြင်း”ဟု ပို၍ပေးချင်ကြပါသည်။ ဤအမည်က ဘုရားသခင့်အစိုးရတော်မူသောကျေးဇူးတော်ကို ပို၍အထူးပြုပါသည်။

သို့သော် "စောင့်ရှောက်ထိန်းသိမ်းပေးခြင်း"ဟုမသုံးဘဲ၊ "ဖွဲ့ရှိခြင်း"ဟုသုံးခြင်းက ကယ်တင်ခြင်းသည် "ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်"ဆိုသောအမှန်တရားကို ငြင်းပယ်ရာမရောက်ပါ။ ကျေးဇူးတော်ကြောင့်သာမဟုတ်လျှင်၊ ကယ်တင်ခြင်းထဲ၌ ဖွဲ့ရှိစွာ မည်သူမှနေနိုင်မည်မဟုတ်ပါ။

"ဖွဲ့ရှိခြင်း"ဆိုသည့်စကားလုံးကလည်း ဘုရားသခင်၏လူများသည် တကြိမ်ကယ်တင်ခြင်းခံကြရပြီးလျှင်၊ သူတို့၏ကယ်တင်ခြင်းကို ပြန်မဆုံးရှုံးတော့ပါဆိုသော အံ့သြဖွယ်အမှန်တရားကို သင်ပေးနေပါသည်။ ယုံကြည်သူတို့သည် ကယ်တင်ခြင်းခံရသောလမ်းကြောင်းတွင် အဆုံးတိုင်အောင် ဖွဲ့ရှိစွာ ဆက်လက်ရပ်တည်နေထိုင်ကြပါသည်။

ထိုအချက်ကထပ်ပြောနေသည်မှာ ကယ်တင်ခြင်းခံရသောလမ်းသည် အခက်အခဲများ၊ ရုန်းကန်ရခြင်းများနှင့် ပြည့်နေပါသည်ဆိုသည့်အကြောင်းကိုဖြစ်သည်။ လွယ်ကူသောလမ်းမဟုတ်ဘဲ၊ လက်ဝါးကပ်တိုင်ကိုထမ်းရသောလမ်းဖြစ်ပါသည်၊ ခရစ်တော်အတွက် ဒုက္ခခံစားရခြင်းလမ်းဖြစ်ပါသည်၊ နတ်ဆိုး၊ ဤလောကကြီး၊ မိမိ၏အသွေးအသားတို့ကို ဆန့်ကျင်တိုက်လှန်နေရသောလမ်းဖြစ်ပါသည်၊ ထို့အပြင် အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ရသောလမ်းဖြစ်ပါသည်။ သို့သော် ဘုရားသခင်၏လူများသည် ထိုပြဿနာအခက်အခဲများကို တေးမသီရန်မခ ကျော်ဖြတ်နိုင်ကြကာ၊ ဘုန်းကျက်သရေသို့ ခရစ်တော်နှင့်အတူဝင်စားကြပါသည်။

ကျွန်တော်တို့က "ဖွဲ့ရှိခြင်း"ဆိုသည်စကားလုံးကိုသုံးရသည်မှာ၊ ဘုရားသခင်၏လူတို့ ကယ်တင်ခြင်းပျောက်ဆုံးနိုင်သည်ဟု သင်ကြသောသူတို့ကို ဆန့်ကျင်ရန်ဖြစ်ပါသည်။ သူတို့က "စောင့်ရှောက်ထိန်းသိမ်းပေးခြင်း"ဆိုသည့်သြဝါဒသည် လောကဆန်စွာနေထိုင်ခြင်း၊ နမော်နမဲ့နေထိုင်ခြင်းကို အားပေးသည်၊ ဘုရားတရားကြောက်ရွံ့စွာနေထိုင်ရန် ထားရှိသောစိတ်ကို ဖျက်ဆီးသည်ဟုပြောကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့သုံးသော "ဖွဲ့ရှိခြင်း" "သန့်ရှင်းသူတို့"ဆိုသည့်စကားနှစ်လုံးက ထိုအချက်မဖြစ်နိုင်ကြောင်း ပြောနေပါသည်။ ဘုရားသခင်၏လူများကို ကျေးဇူးတော်၏တန်ခိုးက သန့်ရှင်းသူများ(သူတော်စင်များ)ဖြစ်လာစေပါသည်။ ထို့ကြောင့် သူတော်စင်များအဖြစ် သန့်ရှင်းစွာအသက်ရှင်သောလမ်းကြောင်းတွင် ကောင်းကင်ဘုံသို့ရောက်သည့်တိုင် ဆက်လက်နေထိုင်ကြပါသည်၊ မသန့်ရှင်းသောလမ်းကြောင်းတွင်မဟုတ်ပါ (ဟေဗြဲ ၁၂:၁၄)။ ကယ်တင်ခြင်းရရာလမ်းသည် သန့်ရှင်းခြင်းလမ်းဖြစ်ပါသည်၊ ထိုလမ်းမှလွဲ၍ ဘုန်းကျက်သရေသို့ ဝင်ရာလမ်းမရှိပါ။ ခရစ်တော်၏အသွေးတော်ဖြင့် ဝယ်ယူခြင်းခံရသူ၊ ဘုရားသခင်ဝိညာဉ်တော်ဖြင့် ပြန်လည်မွေးဖွားစေခြင်း၊ အသစ်ပြန်ဖြစ်စေခြင်းခံရသူ၊ ဝိညာဉ်တော်၏ကျိန်းဝပ်ခြင်းခံရသူ ပျက်စီးခြင်းလမ်းတွင် ဆက်နေခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည် (ရောမ ၆း၁-၂)။

သို့သော် အချို့က ဤအမှန်တရားကို ငြင်းနေကြဆဲရှိပါသည်။ သူတို့က လူတဦးသည် ကယ်တင်ခြင်းခံရသော်လည်း၊ ဘယ်သောအခါမှ ဘဝပြောင်းလဲခြင်းကို မပြဘဲ၊ သူကယ်တင်ခြင်းမရခင် အသက်ရှင်ပုံမျိုးနှင့် ဆက်၍သာအသက်ရှင်ခြင်းမျိုး ရှိနိုင်ကောင်းသည်ဟု ထင်မြင်ချက်ပြုကြပါသည်။ သူတို့ကပြောချင်သည်မှာ လူတဦးသည် ယေရှုကို ကယ်တင်ရှင်အနေနှင့်သာ လက်ခံမည်၊ သခင်အဖြစ်နှင့်မူ လက်မခံပါဟူ၍ဖြစ်သည်။

ထိုအတွက်ကြောင့် ကျွန်တော်တို့က "ထာဝရလုံခြုံနေခြင်း"ဆိုသည့်စကားစုမျိုးကို မနှစ်သက်ကြခြင်းဖြစ်သည်။ စကားစုက အဆိုးကြီးတော့မဟုတ်ပါ၊ သို့သော် ထိုစကားစုကို သုံးကြသူများက "တခါကယ်တင်ခံရပြီးရင်၊ ဘယ်လိုနေနေ၊ ဘာလုပ်လုပ် ကယ်တင်ခြင်းမဆုံးရှုံးနိုင်ဘူး"ဟု သင်တတ်ကြပါသည်။ ထိုသို့ပြောခြင်းသည် အတော်မှားနေပါသည်၊ အတော်ကလေး ပြဿနာရှိပါသည်။

သန့်ရှင်းသူတို့၏ဖွဲ့ရှိခြင်းက ကြီးသောနှစ်သိမ့်မှုကိုပေးပါသည်။ တမလွန်တွင် ဘုရားသခင်၏လူများသည် ခရစ်တော်နှင့်အတူ ဘုန်းကျက်သရေသို့ဝင်စားရမည်ဟုသာ ပြောနေခြင်းမဟုတ်ပါ၊ သူတို့သည် ယခုဘဝတွင်လည်း သန့်ရှင်းကြပါမည်ဟု ပြောနေခြင်းဖြစ်သည်။ မည်သည့်ယုံကြည်သူကမျှ မိမိ၏အပြစ်ကို ချစ်ကြမည်မဟုတ်ပါ၊ ၎င်းကို ဆက်လက်ထိန်းသိမ်းလိုကြမည်မဟုတ်ပါ။ သူသည် အပြစ်ကို မုန်းသင့်ပါသည်၊ ထိုအပြစ်များမှ လုံးဝကယ်လွှတ်ခံရခြင်းကို လိုချင်ပါသည်။ သန့်ရှင်းသူတို့၏ဖွဲ့ရှိခြင်းဆိုသည့်သြဝါဒက သူသည် အပြစ်မှနေ၍ ကယ်လွှတ်ခြင်းကိုခံရသည်၊ အပြီးတိုင် ကယ်လွှတ်ခြင်းကို ခံရဦးမည်ဟု သင်ပေးနေပါသည်။

++++++++++++++++++++++++++++++++++++++++

## ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်

ကျမ်းစာမှာ ဒါတွေကို ဘယ်လိုပြောပြပါသလဲ? ကျွန်တော်တို့က ခရစ်ယာန်ယုံကြည်သူတွေဖြစ်တော့၊ ဒါတွေကို ဘယ်လိုမြင်ပါသလဲ?

ဒီလိုခေတ်တွေရှိခဲ့တယ်လို့ပြောတဲ့လူတွေအားလုံးဟာ မယုံကြည်သူတွေဖြစ်ပါတယ်။ အဲဒီလူတွေက ဘုရားသခင်ကိုမယုံဘူး၊ မယုံတဲ့အပြင် အလွန်မုန်းကြသူတွေဖြစ်နေတတ်တယ်၊ ဖန်ဆင်းခြင်းကိုလည်း မယုံကြဘူး။ လူဟာ ဆင့်ကဲဖြစ်ပေါ်လာခြင်းကနေ အခြေအနေအရ မတော်တဆဖြစ်ပေါ်လာတဲ့သတ္တဝါတမျိုးလို့ပြောကြတာဖြစ်တယ်။ သူတို့က မှားယွင်းစွာ မျောက်တမျိုးကနေ၊ လူဖြစ်လာတယ်လို့ပြောကြတာပေါ့။

ဒါ့ကြောင့် လူဟာ မျောက်ကနေ လူစဖြစ်တော့ ဘာမှမလုပ်တတ်လို့ ကျောက်ဂူတွေမှာနေခဲ့တယ်(ဂူအောင်းသတ္တဝါခေတ်)၊ ပြီးတော့ ကျောက်တုန်းတွေနဲ့ပ ကိရိယာတန်ဆာပလာတွေကို ဖန်တီးအသုံးပြုတတ်လာတယ် (ကျောက်ခေတ်)၊ ပြီးတော့ သတ္တုတွေကို သုံးလာတတ်တယ် (ကြေးခေတ်၊ သံခေတ်)၊ အဲဒီလိုတဖြည်းဖြည်းတိုးတက်လာတယ်ပေါ့။ ဒါကို ကျွန်တော်တို့တိုင်းပြည်က

ကလေးတွေရဲ့သင်ခန်းစာမှာ စသင်တယ်၊ ပြီးတော့ ကောလိပ်၊ တက္ကသိုလ်တွေမှာသင်တယ်။ ဒါ့ကြောင့် ဒီအမှားကြီးကို အမှန်လို့ဘဲ ထင်နေကြတယ်။

အခုတော့ ကျမ်းစာကပြောပြတာကိုကြည့်ရအောင်။ ကျမ်းစာက အရာခပ်သိမ်းကို ဘုရားသခင်က ဖန်ဆင်းတယ်လို့ပြော ပါတယ်။ လူဟာ မျောက်ကနေမဆင်းသက်ဘူး၊ ဘုရားသခင်က သူ့ပုံသဏ္ဍာန်အတိုင်းဖန်ဆင်းတာဖြစ်တယ်။ အစကထဲက အင်မတန် ပညာရှိပါတယ်။ "မှန်သောပညာ"နဲ့ဖန်ဆင်းခဲ့တာဖြစ်တယ် (ကော ၃း၁၀ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဌာန်နှင့်အညီ မသန့်သော ပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူဝတ်ဆောင်သောသူဖြစ်ကြ၏)။ ဒါ့ကြောင့် လူဟာ တိရစ္ဆာန်ကနေဆင်းသက်တဲ့ ခပ်ထုံ ထုံမဟုတ်ပါဘူး။ ဒါဆိုရင် အဲဒီလို ဂူအောင်းအဆင့်ရှိတဲ့လူတွေ၊ အင်မတန်ခေတ်နောက်ကျတဲ့လူမျိုးတွေ၊ တနည်းပြောရရင် လူရိုင်း တွေ ဘယ်ကနေဖြစ်လာတာလဲ?

ဘုရားသခင်က လူကို ပညာရှိစွာဖန်ဆင်းတယ်၊ ဒါပေမဲ့လူက ဘုရားသခင်မကြိုက်တဲ့အပြစ်ကိုလုပ်ပြီး ကျဆုံးပါတယ်။ အဲဒါကြောင့် စတင်ပြီး၊ ပညာရှိအဖြစ်ကနေ ကျဆုံးပါတယ်။ အဲဒီလို လူဟာ ဆိုးသည်ထက်ဆိုးလာတော့၊ ဖန်ဆင်းပြီးနှစ်ပေါင်း ၁၅၀၀ ဝန်းကျင်မှာ ရေလွှမ်းမိုးခြင်းနဲ့ကမ္ဘာကြီးကို ဆေးကြောလိုက်ပါတယ်။ အဲဒီမှာ ပထမကမ္ဘာကြီးအဆုံးသတ်တယ်။ ဒါပေမဲ့ လူကတော့အဆုံးမသတ်သွားပါဘူး။ နောအနဲ့သူ့မိသားစုဟာ ပထမကမ္ဘာကြီးကနေ၊ ဒုတိယကမ္ဘာ (အခုကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာ ကြီးပေါ့)ကို အမွေခံရပါတယ်။

ဒုတိယကမ္ဘာမှာ နောအရဲ့သားသမီးတွေကနေ ဘုရားကိုမယုံကြည်ခြင်း၊ ဘုရားကိုဆက်လက်ပုန်ကန်ခြင်းဟာလဲ၊ ဘုရားကို ဝတ်ပြုခြင်း၊ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းနဲ့အတူ ပြန်ပေါ်လာပါတယ်။ ပထမကမ္ဘာကြီးက နည်းပညာတွေလဲ ပြန်ပါလာတာ ပေါ့။ သိရမှာက ဖန်ဆင်းကထဲက နည်းပညာတွေကို ဘုရားသခင်က တဖြည်းဖြည်း လူသားတွေကတွေ့အောင်ထားပေးခဲ့တာဖြစ် တယ်။ ဒါကို ကမ္ဘာဦးကျမ်း ၁း၂၈ မှာ ဒီလိုပြောပါတယ်၊ "အချင်းတို့၊ မျိုးပွားများပြားကြလော့။ မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကို၎င်း၊ မိုးကောင်းကင်ငှက်တို့ကို၎င်း၊ အသက်ရှင်၍မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန် အပေါင်းတို့ကို၎င်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၍၊ သူတို့ကို ကောင်းကြီးပေးတော်မူ၏။" ဒီကျမ်းပိုဒ်မှာ "နိုင်ကြလော့"ဆိုတဲ့စကားကိုတွေ့ရမယ်။ အဲဒါက ရှာဖွေတွေ့ရှိတီထွင်ပါ လို့ပြောတာဘဲ။ ဆိုလိုတာက အားလုံးကို ဖန်ဆင်းကထဲက ထည့်ပေးထားတယ်၊ ဒါပေမဲ့ အဲဒီလိုထည့်ပေးထားတာကို လူက တ ဖြည်းဖြည်းရှာဖွေတွေ့ရှိတီထွင်မယ်ပေါ့။

ဒီတော့ နောအရဲ့သားသုံးယောက်ကနေ ကမ္ဘာလူဦးရေပြန်ပြန့်ပွားတဲ့အခါ၊ ဘာသာစကားတမျိုးထဲပြောခဲ့ကြတာဆိုတော့၊ လူဆိုးတွေအတွက် အုပ်ဟုဖွဲ့မိုက်ရတာ အတော်လွယ်တာပေါ့။ ဒါ့ကြောင့် ဘုရားသခင်က ဘာသာစကားမျိုးစုံ ကွဲပြီး တကမ္ဘာလုံးကို တကွဲတပြားစီဖြစ်သွားစိုင်းပါတယ်။ အဲဒီကနေ လူမျိုး နိုင်ငံ ဘာသာစကား ယဉ်ကျေးမှုတွေ မျိုးစုံဖြစ်လာတာပေါ့။

အဲဒီမှာ တချို့လူမျိုးတွေဟာ အတော်ကို မဖွံ့ဖြိုးတော့ဘဲ၊ ပိုပြီးတော့ အခြေအနေ နိမ့်ဆင်းသွားပါတယ်။ ပြီးတော့ တမျိုးနဲ့ တမျိုးလဲ မတည့်တော့တဲ့အတွက် အတူမနေကြဘဲ ခွဲပြီးထွက်သွားလိုက်ကြတာ၊ ပြန်တွေ့တော့လဲ မမှတ်မိကြတော့ဘူး။ တချို့အမျိုး တွေက အရမ်းတိုးတက်လာတဲ့အချိန်မှာ တချို့အမျိုးတွေကတော့ ဂူအောင်းတဲ့အဆင့်ကို နိမ့်ကျသွားတယ်။ တချို့ကတော့ တိုးတက် တယ်၊ တာပေမဲ့ တချို့အနွယ်က တော်တော်သိသိသာသာကြီးကို တိုးတက်တယ်၊ ဒီတော့ တချို့အဖွဲ့က ကြေးကိုတောင် အနိုင်နိုင် အရည်ကြိုနေရတဲ့ဘဝမှာ၊ တချို့ကတော့ သံနဲ့အခြားသတ္တုတွေကို ပုံစံမျိုးစုံသုံးနိုင်ပြီဖြစ်တယ်။ တချို့အနွယ်တွေ စာပေအရမ်းတိုး တက်နေချိန်မှာ တချို့ကတော့ စာတောင်မရှိဘူး။

ဒါကို ဘုရားမသိသူများ၊ ကျမ်းစာမယုံသူများက ဂူနေခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ရယ်လို့ တခုပြီးတခု တိုးတက်လာဟန်ပြောကြတာဖြစ်တယ်။ တကယ်က အားလုံးအတူတူရှိနေကြတာဖြစ်တယ်။ ဒီနေ့ထိ စာပေမရှိတဲ့လူမျိုးတွေရှိနေပါ သေးတယ်။ သူတို့ဟာ ၂၁ ရာစုမှာအသက်ရှင်နေကြပေမဲ့ မဖွံ့ဖြိုးကြတော့တာဖြစ်တယ်။

ဒါ့ကြောင့် ယုံကြည်သူခရစ်ယာန်များက အဲဒီခေတ်တွေကို ကျမ်းစာနဲ့အညီ သဘောပေါက်ကြပါတယ်။

---

၂ကော ၅း၁–၂၁ (ဂိုဏ်းဘုရင်မှု)

၁ – အဘယ့်ကြောင့်ဆိုသော် ငါတို့၏ မြေကြီးနှင့်ဆိုင်သောနေအိမ်ဖြစ်သည့် ဤတဲသည် ပျက်လျှင်၊ ငါတို့၌ ဘုရားသခင်၏အ ဆောက်အဦတခု ရှိသည်ကို ငါတို့သိကြပါသည်၊ ထိုအိမ်သည် လက်များဖြင့် ဆောက်ထားသည်မဟုတ်၊ ကောင်းကင်ဘုံတွင်ရှိသော ထာဝရအိမ်ဖြစ်ပါသည်။

၂ – ထိုအချက်တွင် ငါတို့သည် ညည်းညူနေကြရပါသည်၊ ကောင်းကင်ဘုံ၌ရှိသော ငါတို့၏အိမ်ဖြင့် လွှမ်းခြုံခြင်းခံရရန် အလွန်စိတ် ထက်သန်နေကြပါသည်။

၃ – ထိုသို့လွှမ်းခြုံခြင်းကိုခံကြရလျှင် ငါတို့သည် အဝတ်အချည်းစည်းရှိကြမည်မဟုတ်ပါ။

၄ – ဤတဲတွင်နေနေရသောငါတို့သည် ပင်ပန်းလှသဖြင့် ညီးညူနေကြရပါသည်၊ လွှမ်းခြုံခြင်းမခံရမည်ကို စိုး၍မဟုတ်ပါ၊ လွှမ်းခြုံခံ ကြရပါမည်၊ ထိုသို့ဖြင့် ပျက်ဆီးယိုယွင်းနိုင်သောအရာသည် အသက်ရှင်ခြင်းထဲမျိုချခြင်း ခံရပါမည်။

၅ – ယခုတွင် ငါတို့ကို ထိုသို့ဖြစ်ရန် ပြုလုပ်ပေးသူသည် ဘုရားသခင်ပင်ဖြစ်ပါသည်၊ သူက ငါတို့ကို ဝိညာဉ်တော်ဆိုသည့် အာမခံကို လည်း ပေးထားပါသည်။

၆ – ထို့ကြောင့် ကိုယ်ခန္ဓာအိမ်တွင်နေကြစဉ်၊ သခင်ဘုရားထံမှ အဝေးသို့ရောက်နေကြချိန်တွင် ငါတို့သည် အမြဲတမ်း ယုံကြည်စိတ်ချနေကြပါသည်၊

၇ – (အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းအသက်ရှင်ကြသည်၊ မြင်တွေ့ရခြင်းဖြင့်မဟုတ်ပါ)၊

၈ – ငါတို့သည် ကိုယ်ခန္ဓာမှဝေးကွာလျှက်၊ သခင်ဘုရားနှင့်အတူရှိနေကြရန် ယုံကြည်စိတ်ချရမှုနှင့်လိုချင်ဆန္ဒရှိကြပါသည်။

၉ – ထို့ကြောင့် ငါတို့သည်၊ သူ့ရှေ့မှောက်၌ရှိသည်ဖြစ်စေ၊ သူနှင့်ဝေးကွားရာ၌ရှိသည်ဖြစ်စေ၊ သူ၏လက်ခံခြင်းကို ခံကြရရန် ကြိုးစားလုပ်ကိုင်နေကြပါသည်။

၁၀ – အဘယ့်ကြောင့်ဆိုသော် ငါတို့အားလုံးသည် ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်ရှေ့သို့ ပေါ်လာရကြမည်ဖြစ်သည်၊ အယောက်စီတိုင်း မိမိ၏ကိုယ်ခန္ဓာတွင် လုပ်ခဲ့သည့်အတိုင်း ရကြမည်ဖြစ်သည်၊ သူလုပ်ခဲ့သောအရာများ၏ ကောင်းမြတ်ခြင်း ဆိုးညစ်ခြင်းအတိုင်း ရကြမည်ဖြစ်သည်။

၁၁ – ထို့ကြောင့် သခင်ဘုရား၏ကြောက်ရွံ့စရာကောင်းခြင်းကို သိကြလျှက်၊ ငါတို့သည် လူတို့ကို သွေးဆောင်ကြပါသည်၊ သို့သော် ဘုရားသခင်ထံ၌ ငါတို့သည် ထင်ရှားနေကြသလို၊ သင်တို့၏သြတ္တပ္ပစိတ်များ၌လည်း ထင်ရှားနေပါမည်ဟု ငါယုံကြည်ပါသည်။

၁၂ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မိမိတို့ကိုယ်ကို သင်တို့ထံသို့ ချီးကျူးနေကြသည်မဟုတ်ပါ၊ သို့သော် ငါတို့အတွက် ဂုဏ် ယူနိုင်ကြရန်အခွင့်ကိုပေးနေကြခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည်၊ နှလုံးသား၌မဟုတ်ဘဲ အပေါ်ယံသဘော၌သာ ဂုဏ်ယူနေကြ သူများထံ အဖြေပေးနိုင်ကြမည်ဖြစ်သည်။

၁၃ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မိမိတို့စိတ်နှင့်ကိုယ်မကပ်နိုင်အောင်ဖြစ်ကြလျှင်၊ ဘုရားသခင်ထံသို့ဖြစ်ကြပါသည်၊ သို့မဟုတ် တည်တည်ငြိမ်ငြိမ်ဖြစ်လျှင် သင်တို့အတွက်ကြောင့်ဖြစ်ပါမည်။

၁၄ – အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏ချစ်ခြင်းက ငါတို့ကို ထိန်းချုပ်ထားပါသည်၊ ထို့ကြောင့် အကယ်၍ တစ်ဦးတစ်ဦးက အားလုံးအတွက်သေသည်ဆိုလျှင်၊ အားလုံးသေကြမည်ဟု ငါတို့ စီရင်ဆုံးဖြတ်ကြပါသည်။

၁၅ – သူသည် အားလုံးအတွက်သေခဲ့ပါသည်၊ ထိုသို့ဖြင့် အသက်ရှင်သူတို့သည် ယခုမှစ၍ မိမိတို့အတွက်သာ မရှင်ကြတော့ဘဲ၊ သူတို့အတွက်သေပေးသူ၊ ထို့နောက် ပြန်ရှင်လာသူအတွက်သာ ရှင်ကြပါတော့မည်။

၁၆ – ထို့ကြောင့် ယခုမှစ၍ ငါတို့သည် မည်သူ့ကိုမျှ အသွေးအသားအရ မသိကြတော့ပါ၊ မှန်ပါသည်၊ ငါတို့သည် ခရစ်တော်ကို အသွေးအသားအရ သိခဲ့ကြသော်လည်း၊ ယခုမှစ၍ သူ့ကို ငါတို့သည် ထိုသို့မသိကြတော့ပါ။

၁၇ – ထို့ကြောင့် တစ်စုံတစ်ဦးသည် ခရစ်တော်၌ရှိလျှင်၊ သူသည် သတ္တဝါသစ်ဖြစ်သည်၊ ဟောင်းသောအရာများသည် ပျောက်သွားကြပြီ၊ ကြည့်ပါ၊ အရာအားလုံးသည် အသစ်ဖြစ်လာကြပြီဖြစ်သည်။

၁၈ – ထို့အပြင် အားလုံးသည် ဘုရားသခင်ကပိုင်သောအရာများဖြစ်သည်၊ သူသည် ငါတို့ကို မိမိကိုယ်ကိုထံ ယေရှုခရစ်အားဖြင့် ပြန်လည်သင့်မြတ်စေခဲ့ပြီဖြစ်သည်။

၁၉ – ဆိုလိုသည်မှာ၊ ဘုရားသခင်သည် ခရစ်တော်၌ရှိနေသည်၊ ကမ္ဘာကြီးကို မိမိထံတော်သို့ ပြန်လည်သင့်မြတ်စေသည်၊ သူတို့၏ ကျူးလွန်ခြင်းများကို သူတို့ထံ၌ အမှတ်မထားတော့ပါ၊ ငါတို့ထံသို့ ပြန်လည်သင့်မြတ်စေခြင်းစကားကို အပ်နှံတော်မူပါသည်။

၂၀ – ထို့ကြောင့် ယခုတွင် ငါတို့သည် ခရစ်တော်၏ သံအမတ်များဖြစ်ကြပါသည်၊ သင်တို့ကို ဘုရားသခင်သည် ငါတို့အားဖြင့် တောင်းခံနေသကဲ့သို့ဖြစ်ပါသည်၊ ငါတို့သည် သင်တို့ကို ခရစ်တော်ကိုယ်စား တောင်းဆိုကြပါသည်၊ သင်တို့ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြပါ။

၂၁ – အဘယ့်ကြောင့်ဆိုသော် သူသည် အပြစ်ကိုမသိသော သူ့ကို ငါတို့အတွက် အပြစ်ဖြစ်စေပါသည်၊ ထိုသို့ဖြင့် ငါတို့သည် သူ့အားဖြင့် ဘုရားသခင်၏ဖြောင့်မတ်သူများ ဖြစ်လာစေဖို့ပြုလုပ်ပေးရန်ဖြစ်သည်။

========================================

## ဆုတောင်းခြင်း

## သခင်ဘုရား၏နေ့ (၄၅)

**၁၁၆။ ဆုတောင်းခြင်းသည် ခရစ်ယာန်တို့အတွက် အဘယ်ကြောင့်မရှိမဖြစ် ဖြစ်ရသနည်း?**

အဘယ့်ကြောင့်ဆိုသော် ဆုတောင်းခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့ထံ၌တောင်းဆိုသည့် ကျေးဇူးသိတတ်ခြင်းကိုဖေါ်ပြရာ အဓိကအပိုင်းဖြစ်သည်။ ထို့အပြင် ဘုရားသခင်က သူ့ထံ၌ ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ရိုးသားသည့်လိုအင်ဆန္ဒနှင့် အမြဲတောင်းလျှောက်သူ၊ ကျေးဇူးတင်တတ်သူများကိုသာ ပေးသနားမည်ဖြစ်၏။

(ဆာလံ ၅ဝး၁၄–၁၅၊ မဿဲ ၇း၇–၈၊ လု ၁၁း၉၊၁၃၊ မဿဲ ၁၃း၁၂၊ ဆာလံ ၅ဝး၁၅)

**၁၁၇။ ဘုရားသခင်လက်ခံနိုင်သော၊ နားညောင်းနိုင်သော ဆုတောင်းခြင်း၌ မည်သည်တို့ပါဝင်သနည်း?**

ပထမအနေနှင့်၊ ကျွန်ုပ်တို့သည် နှလုံးသားမှနေ၍ မိမိ၏နှုတ်ကပတ်တော်တွင် မိမိဘာသာဖေါ်ပြတော်မူသော၊ တပါးတည်းသာရှိသော၊ မှန်ကန်သောဘုရားသခင်ထံ၌၊ သူကိုယ်တိုင်မှာ ထားတော်မူသည့်အတိုင်း အရာခပ်သိမ်းအတွက်တောင်းလျှောက်ရမည်။ ဒုတိယအနေနှင့်၊ ကျွန်ုပ်တို့သည် မိမိတို့၏ဒုက္ခဆင်းရဲခြင်းနှင့်လိုအပ်ခြင်းတို့ကို မှန်ကန်စွာ၊ ပြည့်စုံစွာသိနားလည်လျှက် ဘုရားသခင် ၏ကြီးမြတ်တော်မူခြင်း ရှေ့မှောက်တွင် နက်ရှိုင်းစွာနှိမ့်ချရမည်။ တတိယအနေနှင့်၊ ကျွန်ုပ်တို့၌

ထိုက်တန်မှုမရှိသော်လည်း ကျွန်ုပ် တို့၏အရှင်သခင်ခရစ်တော်အတွက်ကြောင့် သူ၏နှုတ်ကပတ်တော်တွင်ကတိပေးထားသည်အတိုင်း၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်း အား နားညောင်းတော်မူမည်ကို ပြည့်ဝစွာသဘောပေါက်ရမည်။

(ယော ၄း၂၂–၂၃၊ ရော ၈း၂၆၊ ၁ယော ၅း၁၄၊ ယော ၄း၂၃–၂၄၊ ဆာလံ ၁၄၅း၁၈၊ ဖရော ၂၀း၁၂၊ ဆာလံ ၂း၁၁၊ ၃၄း၁၈–၁၉၊ ဟေ ၆၆း၂၊ ရော ၁၀း၁၃၊ ၈း၁၅–၁၆၊ ယာကုပ် ၁း၆၊ ယော ၁၄း၁၃၊ ဒံယေလ ၉း၁၇–၁၈၊ မဿဲ ၇း၈၊ ဆာလံ ၁၄၃း၁)

၁၁၈။ ကျွန်ုပ်တို့အား ဘုရားသခင်က သူ့ထံ၌မည်သည်ကိုတောင်းဆိုရန် မိန့်တော်မူသနည်း?

ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်သမျှအရာအတိုင်းဖြစ်သည်။ ၄င်းကို ကျွန်ုပ်တို့၏အရှင် သခင်ခရစ်တော်က သူကိုယ်တိုင်သင်ပြခဲ့သော ဆုတောင်းခြင်း၌အကျဉ်းချုပ်၍ ပေါ်ပြခဲ့၏။ (ယာကုပ် ၁း၁၇၊ မဿဲ ၆း၉–၁၀၊ လု ၁၁း၂)

၁၁၉။ ထိုဆုတောင်းခြင်း၌ပါဝင်သောစကားလုံးများကားအဘယ်သို့နည်း?

***ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဘ၊ ကိုယ်တော်၏နာမတော်အား ရှိသေလေးမြတ်ခြင်းရှိပါစေသော၊ နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေ သော၊ အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ၊ သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ၊ အပြစ်သွေးဆောင်ရာ သို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ၊ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနု ဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။ အာမင်။***